၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်

# အရအသုံးခန့်မှန်းခြေ
# ငွေစာရင်းဆိုင်ရာအချက်အလက်များ

FY 2024 - 2025

# CITIZEN'S BUDGET



# ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်

# အရအသုံးခန့်မှန်းခြေငွေစာရင်းဆိုင်ရာအချက်အလက်များစာစောင်

# (Citizen's Budget)

၂၀၂၄ ခုနှစ်၊ ဇူလိုင်လ

# မာတိကာ


| | | | စာမျက်နှာ |
|---|---|---|---|
| | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် ( ၅ ) ရပ် | | |
| | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးတည်ချက် (၉) ရပ် | | |
| | ဥယျာဇဉ် | | |
| | ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်၊ မူလခန့်မှန်းခြေငွေစာရင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြချက်- | | |
| | ဘဏ္ဍာရေးနှစ်တစ်နှစ်အတွက် ဘဏ္ဍာငွေအရအသုံးခန့်မှန်းခြေငွေစာရင်း | | |
| | Citizen's Budget ဆိုတာဘာလဲ | | ၁ |
| **အပိုင်း(၁)** | **၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် စီးပွားရေးနှင့်ဘဏ္ဍာရေးကောက်နုတ်ချက်** | | **၂** |
| | ၁။ | ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် နိုင်ငံတော်၏ စီးပွားရေးအခြေအနေခန့်မှန်းချက် အကျဉ်းချုပ် | ၂ |
| | ၂။ | ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အထိ ပြည်ထောင်စု၏ရငွေ၊ သုံးငွေများ | ၃ |
| | ၃။ | ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်မှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အထိ စုစုပေါင်း ပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (GDP) | ၄ |
| | ၄။ | ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်မှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အထိ ပြည်ထောင်စု၏ရငွေ၊ သုံးငွေ၊ လိုငွေ၊ အခွန်နှင့်GDP အချိုးများနှင့် စီးပွားရေး တိုးတက်မှုနှုန်း | ၄ |
| | ၅။ | မြန်မာနိုင်ငံ၏ စီးပွားရေးအခြေအနေနှင့်ရှေ့အလားအလာများ | ၅-၆ |
| | ၆။ | ဘဏ္ဍာရေးမူဝါဒ | ၇-၉ |
| | ၇။ | ဘတ်ဂျက်ရေးဆွဲခြင်းနှင့်ဥပဒေပြဋ္ဌာန်းခြင်းအစီအစဉ် | ၁၀ |
| **အပိုင်း(၂)** | **၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် အရအသုံးခန့်မှန်းခြေငွေစာရင်း** | | **၁၁** |
| | ၁။ | ပြည်ထောင်စုနှင့်တိုင်းဒေသကြီး/ ပြည်နယ်များ၏အရအသုံးခန့်မှန်းခြေငွေစာရင်း | ၁၁ |
| | ၂။ | ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏သာမန်၊ငွေလုံးငွေရင်းနှင့်ကြွေးမြီ ရငွေများခန့်မှန်းချက် | ၁၂ |
| | ၃။ | ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ ရငွေရရှိမှုရာခိုင်နှုန်း | ၁၃ |
| | ၄။ | ပြည်ထောင်စု၏ကောက်ခံရရှိမည့်အခွန်ခေါင်းစဉ်ကြီးလေးမျိုးအား၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်နှင့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်တို့၏ မူလခန့်မှန်းခြေနှိုင်းယှဉ်ပြပုံ | ၁၃ |
| | ၅။ | ပြည်ထောင်စု၏ကောက်ခံရရှိမည့်အခွန်အကောက်ရငွေခန့်မှန်းချက် ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်နှင့်၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်တို့၏မူလခန့်မှန်းခြေ နှိုင်းယှဉ်ပြဇယား | ၁၄ |
| | ၆။ | ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏သာမန်၊ငွေလုံးငွေရင်းနှင့်ကြွေးမြီ အသုံးစရိတ်များခန့်မှန်းချက် | ၁၅ |
| | ၇။ | ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ စုစုပေါင်း အသုံးစရိတ်တွင် ဌာန အဖွဲ့အစည်းအုပ်စုအလိုက် ပါဝင်မှုရာခိုင်နှုန်း | ၁၆ |
| | ၈။ | ပြည်ထောင်စု၏ စုစုပေါင်းအသုံးစရိတ်တွင် ပညာရေး၊ ကျန်းမာရေးနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့၏ အသုံးစရိတ်များ ပါဝင်မှုရာခိုင်နှုန်း | ၁၆ |

## မာတိကာ


| | | စာမျက်နှာ |
|---|---|---|
| **အပိုင်း(၃)** | **နိုင်ငံတော်၏ကြွေးမြီအခြေအနေ** | **၁၇** |
| ၁။ | ပြည်တွင်းပြည်ပကြွေးမြီအခြေအနေ | ၁၇ |
| **အပိုင်း(၄)** | **၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် အသုံးစရိတ် ကောက်နုတ်ချက်များ** | **၁၈** |
| ၁။ | ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် ပညာရေးဝန်ကြီးဌာန အသုံးစရိတ်မှ ကောက်နုတ်ချက် | ၁၈-၂၁ |
| ၂။ | ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အသုံးစရိတ်မှ ကောက်နုတ်ချက် | ၂၂-၂၃ |
| ၃။ | ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် ကျန်းမာရေးဝန်ကြီးဌာန အသုံးစရိတ်မှ ကောက်နုတ်ချက် | ၂၃-၂၄ |
| ၄။ | ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန အသုံးစရိတ်မှကောက်နုတ်ချက် | ၂၅ |
| ၅။ | ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အသုံးစရိတ်မှ ကောက်နုတ်ချက် | ၂၆-၂၈ |
| ၆။ | ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန အသုံးစရိတ်မှ ကောက်နုတ်ချက် | ၂၉ |
| ၇။ | လျှပ်စစ်ကဏ္ဍ၊ မြန်မာတစ်နိုင်ငံလုံးတွင်မီးလင်းပြီးနှင့် မီးလင်းရန်ကျန်ရှိအခြေအနေ | ၃၀ |
| **အပိုင်း(၅)** | **၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ** | **၃၁** |
| ၁။ | နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏အသုံးစရိတ်တွင်ပါဝင်သည့်ရာခိုင်နှုန်း | ၃၁ |
| ၂။ | ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၊ နိုင်ငံပိုင်ဘဏ်များနှင့် မြန်မာနိုင်ငံတော် ဗဟိုဘဏ်တို့၏ အရအသုံးခန့်မှန်းခြေငွေစာရင်း ဆိုင်ရာအချက်အလက်များ | ၃၁ |
| ၃။ | နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၊ နိုင်ငံပိုင်ဘဏ်များနှင့် မြန်မာနိုင်ငံတော် ဗဟိုဘဏ်တို့၏ ဘဏ္ဍာရေးနှစ်အလိုက် အခွန်နှင့် ထည့်ဝင်ငွေအခြေအနေ | ၃၂ |
| ၄။ | နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ငွေကြေးစီမံခန့်ခွဲမှုအစီအစဉ် | ၃၃ |
| **အပိုင်း(၆)** | **၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီး/ ပြည်နယ်များ၏အရအသုံးခန့်မှန်းခြေငွေစာရင်း** | **၃၄** |
| ၁။ | တိုင်းဒေသကြီး/ ပြည်နယ်များ၏အရအသုံးခန့်မှန်းချက် | ၃၄ |
| ၂။ | ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီး/ပြည်နယ်များ၏ရငွေ (ပြည်ထောင်စုမှလိုငွေဖြည့်ဆည်းပေးပြီး) အခြေအနေ | ၃၅ |
| ၃။ | ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီး/ပြည်နယ်များ၏ (ပြည်ထောင်စုမှ လိုငွေဖြည့်ဆည်းမပေးမီ) သာမန်၊ ငွေလုံးငွေရင်းနှင့် ကြွေးမြီရငွေ အခြေအနေ | ၃၆ |
| ၄။ | ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီး/ပြည်နယ်များ၏သာမန်၊ငွေလုံးငွေရင်း နှင့် ကြွေးမြီအသုံးစရိတ် အခြေအနေ | ၃၇ |
| ၅။ | ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ တိုင်းဒေသကြီး/ ပြည်နယ်များသို့ လိုငွေဖြည့်ဆည်းထောက်ပံ့ခြင်း | ၃၈ |
| **အရအသုံးခန့်မှန်းခြေငွေစာရင်းဆိုင်ရာအချက်အလက်များနှင့်ပတ်သက်၍စုံစမ်းနိုင်သည့်ဖုန်းနံပါတ်များ** | | **၃၉** |

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စု တစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝ ရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေး ရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက် ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေ ရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးတည်ချက် (၉) ရပ်

## ၁။ နိုင်ငံရေး

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါအတိုင်း အလေးထား လုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ် အေးချမ်းရေးနှင့် တရား ဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထား လုပ်ဆောင်ရေး။

## ၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူ တစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက် အောင်တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်း များကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင် ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့ နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

## ၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင် ဆောင်ရွက်ရေး။

# ဥယျောဇဉ်

၁။ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်၊ ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေငွေစာရင်းနှင့် ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေကြမ်းတို့ကို ၂၁-၃-၂၀၂၄ ရက်တွင် ကျင်းပသည့် ဘဏ္ဍာရေးဆိုင်ရာကော်မရှင် (၁/၂၀၂၄) အစည်းအဝေး၌ အတည်ပြုထောက်ခံခဲ့ပြီး ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေကို ၂၉-၃-၂၀၂၄ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥပဒေအမှတ်၊ ၂၂/၂၀၂၄ ဖြင့် ပြဋ္ဌာန်းခဲ့ပါသည်။

၂။ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်နှင့် ဦးတည်ချက် (၉) ရပ်တို့ကို အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ပြည်သူတို့၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံ့စီးပွားမြင့်တင်ရေး၊ ပြည်တွင်းစားသုံးဆီဖူလုံစေရေးအတွက် စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍဆိုင်ရာအသုံးစရိတ်များ၊ အရည်အသွေးပြည့်မီသော အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပို့ဆောင်ဆက်သွယ်ရေး၊ လျှပ်စစ်နှင့်စွမ်းအင်ကဏ္ဍဆိုင်ရာ အသုံးစရိတ်များ၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အဓိကဖြစ်သော ပညာရေးနှင့် ကျန်းမာရေးကဏ္ဍဆိုင်ရာ အသုံးစရိတ်များ၊ ပြည်တွင်းထုတ်ကုန်တိုးမြှင့်စေရေးနှင့် အလုပ်အကိုင် အခွင့်အလမ်းများ ရရှိစေရေးအတွက် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး အသုံးစရိတ်များကို ဦးစားပေးလျာထားပါသည်။

၃။ လျာထားချက်ပါ တည်ဆောက်ရေးလုပ်ငန်းများ၊ ပစ္စည်းဝယ်ယူရေးလုပ်ငန်းများအတွက် အသုံးစရိတ်များကို ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေနှင့် တိုင်းဒေသကြီး/ ပြည်နယ်ဘဏ္ဍာရန်ပုံငွေများဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရများအကြား ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန်လိုအပ်သည့်အပြင် အသုံးစရိတ်များ သုံးစွဲရာတွင်လည်း ဘဏ္ဍာငွေအရ အသုံးဆိုင်ရာ ဥပဒေ၊ ဘဏ္ဍာရေးစည်းမျဉ်းတို့နှင့်အညီ ဆောင်ရွက်ရန် လိုအပ်ပါသည်။

၄။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနအနေဖြင့် ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှုစနစ်ကို အားကောင်းလာစေရန် ရည်ရွယ်၍ ဘတ်ဂျက်ပွင့်လင်းမြင်သာမှုကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိသည်နှင့်အညီ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကို အခြေခံ၍ ပြည်သူ့ဘဏ္ဍာငွေ အခြေအနေ အကျဉ်းချုပ်အား ပြည်သူများ သိရှိနိုင်ရန် အလို့ငှာ ဤ Citizen's Budget စာစောင်ကို ထုတ်ဝေခြင်း ဖြစ်ပါသည်။

ဝင်းရှိန်
ပြည်ထောင်စုဝန်ကြီး
စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

## ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်၊ မူလခန့်မှန်းခြေငွေစာရင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြချက်

၁။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှထုတ်ပြန်သည့် Citizen’s Budget စာစောင်တွင် ပါရှိသော ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်၊ မူလခန့်မှန်းခြေငွေစာရင်း (Budget Estimate) အရ အကောင်အထည်ဖော် ဆောင်ရွက်မည့် လုပ်ငန်းများနှင့် ကိန်းဂဏန်းဖော်ပြချက်များ အပါအဝင် ဖော်ပြချက်များအားလုံးသည် “၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေ” ကို အခြေခံ၍ ပြုစုထားသော မူလခန့်မှန်းခြေငွေစာရင်းများ ဖြစ်ပါသည်။

၂။ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် မူလခန့်မှန်းခြေငွေစာရင်းသည် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံး ဆိုင်ရာဥပဒေပါ ရငွေနှင့်သက်ဆိုင်သောပုဒ်မများအရ ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင် အဆိုပါ ဥပဒေ၌ လျာထားသော ရငွေတို့ထက် တိုး၍ဖြစ်စေ၊ လျော့၍ဖြစ်စေ ရရှိနိုင်ခြင်း နှင့် သုံးငွေနှင့်သက်ဆိုင်သော ပုဒ်မများအရ သုံးငွေများကို စီမံခန့်ခွဲရာတွင် အဆိုပါဥပဒေ၌ ခွင့်ပြုထားသော သုံးငွေများအတွင်း ငွေစာရင်း ခေါင်းစဉ်လွှဲပြောင်းသုံးစွဲခြင်း၊ ဖြည့်စွက်ခွင့်ပြုငွေတောင်းခံခြင်းတို့အရ ပိုမို၍ ဖြစ်စေ၊ လျော့နည်း၍ဖြစ်စေ သုံးစွဲခြင်းတို့ကြောင့် ပြောင်းလဲနိုင်ပါသည်။

၃။ သို့ဖြစ်ပါ၍ ဤစာစောင်ပါ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် မူလခန့်မှန်းခြေငွေစာရင်း၊ ရငွေနှင့် အသုံးစရိတ် များသည် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်း၊ ရှေ့ပြေးအမှန်စာရင်း၊ အမှန်စာရင်းများတွင် ရငွေများနှင့် အသုံးစရိတ်များ ပြောင်းလဲမှုကြောင့် ဘတ်ဂျက်လိုငွေနှင့် ဂျီဒီပီအချိုးမှာလည်း ပြောင်းလဲမှု ဖြစ်ပေါ်နိုင်ပါသည်။

# ဘဏ္ဍာရေးနှစ် တစ်နှစ်အတွက် ဘဏ္ဍာငွေအရအသုံးခန့်မှန်းခြေငွေစာရင်း

**မူလခန့်မှန်းခြေ Budget Estimate (BE)** ဆိုသည်မှာ ဘဏ္ဍာရေးနှစ်တစ်နှစ်အတွက် ဖြစ်ပေါ်လာမည့် ရငွေနှင့်သုံးငွေ (သာမန်၊ငွေလုံးငွေရင်းနှင့် ကြွေးမြီစာရင်း) တို့ကို လာမည့်ဘဏ္ဍာရေးနှစ် မတိုင်မီ (၇) လခန့်မှ ကြိုတင်၍ တွက်ချက်ခန့်မှန်းထားသော ခန့်မှန်းခြေ ရငွေနှင့်သုံးငွေများ ဖြစ်ပြီး ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေဖြင့်လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံး ဆိုင်ရာ ဥပဒေဖြင့်လည်းကောင်း အတည်ပြုပြဋ္ဌာန်းပေးရပါသည်။

**ပြုပြင်ပြီးခန့်မှန်းခြေ Revised Estimate (RE)** ဆိုသည်မှာ လက်ရှိဘဏ္ဍာရေးနှစ်အတွင်း ရငွေပိုင်း တွင် မူလလျာထားငွေထက် ပိုမိုရရှိခြင်း (သို့မဟုတ်) လျော့နည်းရရှိခြင်းကြောင့် လည်းကောင်း၊ အသုံး စရိတ်ပိုင်းတွင် မူလခွင့်ပြုငွေအပြင် ဖြည့်စွက်ခွင့်ပြုငွေ ထပ်မံရရှိခြင်းကြောင့် လည်းကောင်း၊ မူလခွင့်ပြု ရန်ပုံငွေများကို အမှန်တကယ်သုံးစွဲရာ၌ မသုံးစွဲဖြစ်သည့်အတွက် လျော့နည်းသွားသော ရန်ပုံငွေများကြောင့် လည်းကောင်း  မူလခန့်မှန်းခြေအပေါ် ပြုပြင်ပြောင်းလဲသွားသည့် ခန့်မှန်းခြေစာရင်း ဖြစ်ပါသည်။ လက်ရှိ ဘဏ္ဍာရေးနှစ်အတွင်း  ဖြည့်စွက်ခွင့်ပြုငွေနှင့်အတူ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းကို ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေဖြင့် လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ နောက်ထပ် ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေဖြင့် လည်းကောင်း အတည်ပြုပြဋ္ဌာန်းပေးရပါသည်။

**ရှေ့ပြေးအမှန်စာရင်း Provisional Actual (PA)** သည် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းကို အတည်ပြု ပြီးသည့်နောက်ပိုင်း လုပ်ငန်းလိုအပ်ချက်အရ အထွေထွေပိုလျှံရန်ပုံငွေ General Reserve Fund (GRF) မှ ထပ်မံခွင့်ပြုသည့် ရန်ပုံငွေများကြောင့်လည်းကောင်း၊ ဘဏ္ဍာရေးနှစ်ကုန်ဆုံးခါနီးတွင် မူလခွင့်ပြုငွေမှ မသုံးစွဲ ဖြစ်၍ ပိုလျှံငွေပြန်လည်အပ်နှံခြင်းကြောင့်လည်းကောင်း၊ မူလခွင့်ပြုငွေဘောင်အတွင်း ရန်ပုံငွေလွှဲပြောင်း သုံးစွဲခြင်းကြောင့်လည်းကောင်း ဘဏ္ဍာရေးနှစ်ကုန်ဆုံးသည့်အချိန်တွင် ဖြစ်ပေါ်လာသည့်စာရင်း ဖြစ်ပါသည်။

**အမှန်စာရင်း Actual (A)** သည် ရှေ့ပြေးအမှန်စာရင်းဖြစ်ပေါ်ပြီးနောက် သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ် အတွက် အမှန်တကယ်ရရှိသည့်ငွေနှင့် အမှန်တကယ်သုံးစွဲပြီးသည့် အသုံးစရိတ်များကို ငွေထုတ်စာရင်း ဖွင့်လှစ်ထားသောဘဏ်ရှိ ဘဏ်စာရင်းဖြင့် ကိုက်ညှိအတည်ပြုပြီးသောစာရင်း ဖြစ်သည့်အပြင် စာရင်းစစ်မှ အတည်ပြုပြီးသောစာရင်း ဖြစ်ပါသည်။

Citizen's Budget
FY 2024 - 2025

## Citizen's Budget ဆိုတာဘာလဲ...

**Citizen's Budget** ဆိုသည်မှာ နိုင်ငံတော်၏ မေခရိုစီးပွားရေးအခြေအနေ၊ ဘဏ္ဍာရေးမူဝါဒ၊ ပြည်သူ့ဘဏ္ဍာရေး စီမံခန့်ခွဲမှု၊ ဘဏ္ဍာရေးနှစ်အတွက် ဘဏ္ဍာငွေ အရအသုံးခန့်မှန်းခြေ၊ အခွန်အကောက်ရငွေ၊ စုစုပေါင်းအသုံးစရိတ်၊ ဘတ်ဂျက်လိုငွေ၊ ပြည်ပအကူအညီရငွေနှင့် ချေးငွေအခြေအနေ၊ ပညာရေးနှင့် ကျန်းမာရေးအသုံးစရိတ်၊ ပြည်ထောင်စုဘတ်ဂျက်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဘတ်ဂျက် စသည်တို့ကို ရှင်းလင်းလွယ်ကူစွာ သိမြင်နိုင်စေရန် အနှစ်ချုပ်ပြုစုတင်ပြသည့် စာစောင်ပင်ဖြစ်ပါသည်။



# အပိုင်း(၁)

# ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် စီးပွားရေးနှင့် ဘဏ္ဍာရေးကောက်နုတ်ချက်

## ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် နိုင်ငံတော်၏ စီးပွားရေးအခြေအနေ ခန့်မှန်းချက် အကျဉ်းချုပ်

| | | |
|---|---|---|
| စုစုပေါင်း ပြည်တွင်းထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုး (GDP) | ကျပ် ၁၅၅,၅၄၃.၅၃၄ | ဘီလီယံ |
| စီးပွားရေးတိုးတက်မှုနှုန်း | ၃.၈% | |
| ပြည်ထောင်စု၏စုစုပေါင်းရငွေ | ကျပ် ၃၁,၇၉၃.၃၃၂ | ဘီလီယံ |
| ပြည်ထောင်စု၏စုစုပေါင်းအသုံးစရိတ် | ကျပ် ၃၉,၆၇၂.၆၂၀ | ဘီလီယံ |
| ပြည်ထောင်စု၏စုစုပေါင်းလိုငွေ | ကျပ် ၇,၈၇၉.၂၈၈ | ဘီလီယံ |
| လိုငွေနှင့် ဂျီဒီပီအချိုး | ၅.၀၇% | |
| ပြည်ထောင်စု၏စုစုပေါင်းအခွန်အကောက်ရငွေ | ကျပ် ၉,၃၇၈.၄၀၄ | ဘီလီယံ |
| အခွန်အကောက်ရငွေနှင့်ဂျီဒီပီအချိုး | ၆.၀၃ % | |
| ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ တိုင်းဒေသကြီး/ ပြည်နယ်များသို့ လိုငွေဖြည့်ဆည်းခြင်း | ကျပ် ၁,၉၂၁.၇၆၅ | ဘီလီယံ |
| ပြည်ပပို့ကုန်တန်ဖိုးခန့်မှန်းချက် | အမေရိကန်ဒေါ်လာ | ၁၆,၇၀၀ သန်း |
| ပြည်ပသွင်းကုန်တန်ဖိုးခန့်မှန်းချက် | အမေရိကန်ဒေါ်လာ | ၁၆,၃၀၀ သန်း |
| ကုန်သွယ်မှုပိုငွေ ခန့်မှန်းချက် | အမေရိကန်ဒေါ်လာ | ၄၀၀ သန်း |

- ဘဏ္ဍာရေးနှစ်အတွင်း အများဆုံးချေးယူနိုင်သည့်ပမာဏ **ကျပ် ၉,၆၀၀ ဘီလီယံ** ထက် မပိုရန်။

| | | |
|---|---|---|
| ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်း | ၁၃.၆၅% | |

- ဘတ်ဂျက်ရေးဆွဲရာ၌ အမေရိကန်ဒေါ်လာ **တစ်ဒေါ်လာ**၏ ငွေကြေးလဲလှယ်နှုန်း **၂,၁၀၀ ကျပ်**
- လူတစ်ဦးစီ၏ပျမ်းမျှထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုး (Per Capita GDP) နှစ်အလိုက်ဈေးနှုန်းအရ **ကျပ် ၂,၇၄၂,၆၄၃** ဖြစ်ပေါ်လာရန်။

## ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အထိ ပြည်ထောင်စု၏ ရငွေ၊ သုံးငွေများ

(ကျပ်သန်းပေါင်း)

| စဉ် | ဘဏ္ဍာရေးနှစ် (ရှေ့ပြေးအမှန်) | ရငွေ | သုံးငွေ | ပိုငွေ (+)/ လိုငွေ (-) | လိုငွေနှင့် ဂျီဒီပီအချိုး |
|---|---|---|---|---|---|
| ၁ | ၂၀၁၁-၂၀၁၂ | ၆,၅၀၄,၇၀၈.၆၆၆ | ၈,၂၁၂,၄၇၇.၆၄၈ | -၁,၇၀၇,၇၆၈.၉၈၂ | ၃.၆၆% |
| ၂ | ၂၀၁၂-၂၀၁၃ | ၁၃,၁၉၇,၂၃၂.၀၄၅ | ၁၃,၆၃၀,၀၀၃.၆၁၇ | -၄၃၂,၇၇၁.၅၇၂ | ၀.၈၅% |
| ၃ | ၂၀၁၃-၂၀၁၄ | ၁၄,၁၅၅,၄၆၇.၅၁၀ | ၁၄,၉၁၀,၆၈၁.၃၄၀ | -၇၅၅,၂၁၃.၈၃၀ | ၁.၂၇% |
| ၄ | ၂၀၁၄-၂၀၁၅ | ၁၆,၈၃၁,၂၄၄.၂၇၁ | ၁၇,၆၁၃,၃၇၃.၆၇၄ | -၇၈၂,၁၂၉.၄၀၃ | ၁.၁၈% |
| ၅ | ၂၀၁၅-၂၀၁၆ | ၁၆,၆၅၁,၃၄၄.၅၀၀ | ၁၉,၆၅၆,၃၈၇.၀၅၈ | -၃,၀၀၅,၀၄၂.၅၅၈ | ၄.၁၀% |
| ၆ | ၂၀၁၆-၂၀၁၇ | ၁၆,၉၉၀,၀၀၇.၅၉၀ | ၁၈,၈၈၂,၆၃၄.၁၈၃ | -၁,၈၉၂,၆၃၆.၅၉၃ | ၂.၃၃% |
| ၇ | ၂၀၁၇-၂၀၁၈ | ၁၇,၇၈၁,၈၁၉.၁၇၅ | ၂၀,၁၇၆,၅၄၁.၅၆၄ | -၂,၃၉၄,၇၂၂.၃၈၉ | ၂.၆၅% |
| ၈ | ၂၀၁၈ (၆)လ | ၉,၁၇၃,၆၈၇.၄၀၆ | ၉,၅၆၆,၆၃၉.၆၆၂ | -၃၉၂,၉၅၂.၂၅၆ | ၁.၂၀% |
| ၉ | ၂၀၁၈-၂၀၁၉ | ၂၁,၅၄၄,၅၃၀.၇၆၀ | ၂၄,၇၄၅,၁၃၄.၁၉၀ | -၃,၂၀၀,၆၀၃.၄၃၀ | ၃.၀၄% |
| ၁၀ | ၂၀၁၉-၂၀၂၀ | ၂၅,၁၈၇,၃၉၂.၅၂၇ | ၃၂,၂၁၁,၈၈၆.၆၉၁ | -၇,၀၂၄,၄၉၄.၁၆၄ | ၆.၂၃% |
| ၁၁ | ၂၀၂၀-၂၀၂၁ | ၁၇,၅၁၁,၁၇၈.၀၈၈ | ၂၅,၆၉၂,၉၇၂.၉၉၆ | -၈,၁၈၁,၇၉၄.၉၀၈ | ၇.၅၆% |
| ၁၂ | ၂၀၂၁-၂၀၂၂ (၆) လ | ၁၂,၄၀၅,၈၆၀.၈၈၁ | ၁၄,၀၄၈,၃၄၆.၈၁၈ | -၁,၆၄၂,၄၈၅.၉၃၇ | ၂.၁၉% |
| ၁၃ | ၂၀၂၂-၂၀၂၃ | ၂၆,၇၁၄,၃၇၅.၂၉၉ | ၃၀,၁၆၃,၁၆၉.၆၁၈ | -၃,၄၄၈,၇၉၄.၃၁၉ | ၂.၇၅% |
| ၁၄ | ၂၀၂၃-၂၀၂၄ (ပြုပြင်ပြီးခန့်မှန်းခြေ) | ၂၇,၆၉၁,၅၆၉.၉၆၅ | ၃၅,၀၉၁,၇၆၂.၄၅၉ | -၇,၄၀၀,၁၉၂.၄၉၄ | ၅.၂၈% |
| ၁၅ | ၂၀၂၄-၂၀၂၅ (မူလခန့်မှန်းခြေ) | ၃၁,၇၉၃,၃၃၂.၃၇၅ | ၃၉,၆၇၂,၆၂၀.၁၂၈ | -၇,၈၇၉,၂၈၇.၇၅၃ | ၅.၀၇% |

## ၂၀၁၉- ၂၀၂၀ ဘဏ္ဍာရေးနှစ်မှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အထိ
## စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (GDP)

| အကြောင်းအရာ | ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် (အောက်တိုဘာလမှ စက်တင်ဘာလ) | ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် (အောက်တိုဘာလမှ စက်တင်ဘာလ) | ၂၀၂၁-၂၀၂၂ (၆)လ ဘဏ္ဍာရေးနှစ် (အောက်တိုဘာလမှ မတ်လ) | ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် (ဧပြီလမှ မတ်လ) | ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် (နှစ်ကုန်ခန့်မှန်းခြေ) (ဧပြီလမှ မတ်လ) | ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် (အမျိုးသားစီမံကိန်း) (ဧပြီလမှ မတ်လ) |
|---|---|---|---|---|---|---|
| **နှစ်အလိုက်ဈေးနှုန်းအရ** | | | | | | |
| တန်ဖိုး (ကျပ်သန်းပေါင်း) | ၁၁၂,၇၆၉,၇၂၄.၆ | ၁၀၈,၂၀၅,၇၂၄.၀ | ၇၅,၀၄၄,၆၆၃.၃ | ၁၂၅,၃၃၈,၉၅၁.၉ | ၁၄၀,၁၈၄,၃၃၀.၃ | ၁၅၅,၅၄၃,၅၃၄.၁ |
| **ပုံမှန်ဈေးနှုန်းအရ** | | | | | | |
| တန်ဖိုး (ကျပ်သန်းပေါင်း) | ၉၁,၉၇၁,၆၃၂.၇ | ၈၆,၅၆၁,၈၂၄.၆ | ၅၆,၇၂၆,၄၄၉.၉ | ၉၀,၈၆၅,၁၂၉.၃ | ၉၄,၀၇၀,၇၀၂.၉ | ၉၇,၆၃၂,၄၄၈.၄ |
| **တိုးတက်မှုနှုန်း (ရာခိုင်နှုန်း)** | ၃.၂% | -၅.၉% | ၂.၄% | ၃.၄% | ၃.၅% | ၃.၈% |

## ၂၀၁၉- ၂၀၂၀ ဘဏ္ဍာရေးနှစ်မှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အထိ
## ပြည်ထောင်စု၏ ရငွေ၊ သုံးငွေ၊ လိုငွေ၊ အခွန်နှင့် GDP အချိုးများနှင့် စီးပွားရေးတိုးတက်မှုနှုန်း



## မြန်မာနိုင်ငံ၏စီးပွားရေးအခြေအနေနှင့် ရှေ့အလားအလာများ

၁။ မြန်မာနိုင်ငံ၏ စီးပွားရေးအခြေအနေမှာ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်တွင် ကုန်စည်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်းများ၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းတို့တွင် တိုးတက်မှု ရရှိရေးအတွက် ဆောင်ရွက်ခဲ့ပါသည်။ စီးပွားရေးလုပ်ငန်းများ ပြန်လည်လည်ပတ်နိုင်သဖြင့် စီးပွားရေး တိုးတက်မှုကို အတိုင်းအတာတစ်ခုထိ ရှိခဲ့သော်လည်း ဘဏ္ဍာရေးနှစ် နှစ်လယ်မှ စတင်၍ အချို့နေရာများတွင် နယ်မြေအခြေအနေကြောင့် ကုန်စည်နှင့် ဝန်ဆောင်မှုလုပ်ငန်းများ တိုးတက်ဆောင်ရွက်ရေးကို အဟန့် အတား ဖြစ်စေခဲ့သည်ကို တွေ့ရှိရပါသည်။

၂။ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် အမျိုးသားစီမံကိန်းရည်မှန်းချက်တွင် စုစုပေါင်း ပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို နှစ်အလိုက်ဈေးနှုန်းများအရ ကျပ် ၁၅၅,၅၄၃,၅၃၄.၁ သန်း ရရှိရန်နှင့် စီးပွားရေး တိုးတက်မှုနှုန်းကို ပုံမှန်ဈေးနှုန်းအရ ၃.၈ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းထားပါသည်။ ကဏ္ဍကြီးများ အလိုက် စီးပွားရေးတိုးတက်မှုနှုန်းကို လယ်ယာကဏ္ဍကြီးတွင် ၁.၉ ရာခိုင်နှုန်း၊ စက်မှုကဏ္ဍကြီးတွင် ၃.၅ ရာခိုင်နှုန်းနှင့် ဝန်ဆောင်မှုကဏ္ဍကြီးတွင် ၅.၀ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းထားပါသည်။

၃။ လယ်ယာကဏ္ဍကြီးတွင် လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် စိုက်ပျိုးရေ လုံလောက်မှု ရှိစေရန် မိတ္ထီလာလွင်ပြင် ရေတင်စီမံကိန်း၊ ဆောင်အင်းရေတင်စီမံကိန်း၊ ဆီမီးခုံ (၃) မြစ်ရေတင်စီမံကိန်းနှင့် သရက်ချောင်း မြစ်ရေတင်စီမံကိန်းတို့ကို ဆောင်ရွက်ရန်၊ ကြက်ဖမွှေးဇောင်း ကျွန်းပတ်တာအတွင်း နွေစပါး စိုက်ပျိုးရေ လုံလောက်စွာ တိုးတက်ပေးဝေနိုင်ရေးအတွက် ဆောင်ရွက်ရန်၊ စနစ်ကျလယ်ယာမြေနှင့် ကုန်းမြင့် လယ်ယာမြေ ဖော်ထုတ်ခြင်းတို့ကို ဆောင်ရွက်ရန် ရည်မှန်းထားပါသည်။ သားငါးကဏ္ဍ၌ တိရစ္ဆာန်များတွင် ဖြစ်ပွားလေ့ရှိသော ကူးစက်ရောဂါများ ကြိုတင်ကာကွယ်နိုင်ရန် ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းများ၊ ရောဂါ စူးစမ်းရှာဖွေခြင်းများ ဆောင်ရွက်ရန်၊ ငါးစားသုံးမှု ဖူလုံစေရေးအတွက် မြစ်ချောင်းများ၊ အင်းများအတွင်း ငါးမျိုးစိုက်ထည့်ခြင်း/ ဖြန့်ဖြူးခြင်း၊ ရောင်းတန်းဝင် ငါး၊ ပုစွန်များနှင့် ရှင်သန်နှုန်းကောင်းမွန်သည့် ငါး၊ ပုစွန် သားပေါက်များ ထုတ်လုပ်ခြင်းနှင့် ရေချို၊ ရေငန် ငါးဖမ်းဆီးထုတ်လုပ်မှုများကို ဥပဒေများနှင့်အညီ စနစ်တကျ ရှိစေရေးတို့ကို ဆောင်ရွက်ရန်၊ သစ်တောကဏ္ဍ၌ ကြိုးဝိုင်းကြိုးပြင် ကာကွယ်တောဧရိယာ တိုးချဲ့ဖွဲ့စည်းရန်၊ ကျွန်းနှင့် သစ်မာများကို နှစ်စဉ်ထုတ်လုပ်နိုင်သည့် ပမာဏဘောင်အတွင်းမှ ထုတ်လုပ်ရန် လျာထားပါသည်။

၄။ စက်မှုကဏ္ဍကြီးတွင် စွမ်းအင်ကဏ္ဍ၌ ကမ်းလွန်သဘာဝဓာတ်ငွေ့၊ဘူးသွင်းသဘာဝဓာတ်ငွေ့နှင့်ရေနံစိမ်း ထုတ်လုပ်မှုတို့ကို လူမှုပတ်ဝန်းကျင် ထိခိုက်မှု အနည်းဆုံးဖြင့် ထုတ်လုပ်ရန်၊ သတ္တုနှင့် တွင်းထွက်ပစ္စည်း ကဏ္ဍတွင် ရွှေ၊ ခဲနှင့်ရောရာသတ္တုရိုင်း၊ သွပ်နှင့်ရောရာသတ္တုရိုင်း၊ သံသတ္တုရိုင်းအပါအဝင် ကျောက်မီးသွေး၊ ထုံးကျောက်၊ ဘရိုက်တီးကျောက်တို့ကို ထုတ်လုပ်ရန် ရည်မှန်းထားပါသည်။ စက်မှုလက်မှုကဏ္ဍတွင် နိုင်ငံပိုင် စက်ရုံ၊ အလုပ်ရုံများ အောင်မြင်မှုရရှိစေရန်နှင့် နိုင်ငံပိုင်စက်ရုံ၊ အလုပ်ရုံများမှ ထုတ်လုပ်မှုစွမ်းအား တိုးတက်စေရန်၊ စက်မှုဇုန်များ၊ ပုဂ္ဂလိက စက်မှုလုပ်ငန်းများ၊ အသေးစား၊ အငယ်စားနှင့် အလတ်စား

စီးပွားရေးလုပ်ငန်းများ ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှု ရရှိစေရေး ဆောင်ရွက်ပေးရန်၊ ပြည်တွင်းကုန်ကြမ်းများဖြင့် ထုတ်လုပ်မှုလုပ်ငန်းများ မြှင့်တင်နိုင်ရန်နှင့် စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်ဆောင်ရွက်ရန် လျာထားပါသည်။ လျှပ်စစ်ဓာတ်အားကဏ္ဍတွင် လျှပ်စစ်ဓာတ်အား တိုးချဲ့ဖြန့်ဖြူးခြင်းဖြင့် လျှပ်စစ်ဓာတ်အားရရှိသုံးစွဲနိုင်သူ အိမ်ထောင်စုပေါင်း ၇.၄ သန်း၊ ရာခိုင်နှုန်းအားဖြင့် တစ်နိုင်ငံလုံးအိမ်ထောင်စုဦးရေ၏ ၆၈.၄ ရာခိုင်နှုန်းအထိ ရရှိရန်၊ ဆောက်လုပ်မှုကဏ္ဍတွင် လမ်းမကြီးများ၊ ဆောင်ရွက်ဆဲတံတားများ တည်ဆောက်ရန်၊ ကျေးလက်လမ်း၊ တံတားများကို ရာသီမရွေး သွားလာနိုင်ရေးအတွက် အသစ်ဖောက်လုပ်ရန်၊ လေဆိပ်ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန်၊ ဆောင်ရွက်ဆဲ ရေအားလျှပ်စစ်စက်ရုံများကို ဆက်လက်ဆောင်ရွက်ရန် လျာထားပါသည်။

၅။ ဝန်ဆောင်မှုကဏ္ဍကြီးတွင် ပို့ဆောင်ရေးကဏ္ဍ၌ လမ်းပိုင်းကွန်ရက်များ အဆင့်မြှင့်တင်ခြင်း၊ ရထားလမ်းပိုင်း အဆင့်မြှင့်တင်ခြင်း၊ နိုင်ငံခြားပင်လယ်ကူးသင်္ဘောကြီးများ ဝင်ထွက်ရာတွင် လုံလောက်သော ရေစူးအနက် ရရှိရေးအတွက် ရန်ကုန်မြစ်ရေကြောင်း အပြင်စည်းခံ ရေလမ်းကြောင်းနှင့် အတွင်းစည်းခံ ရေလမ်းကြောင်းအား သောင်တူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်ရန်၊ ဆက်သွယ်ရေးကွန်ရက်ချိတ်ဆက်မှု ပိုမိုကောင်းမွန်စေရန်၊ ငွေရေးကြေးရေးကဏ္ဍတွင် ပြည်တွင်းဈေးနှုန်းတည်ငြိမ်မှု ရရှိစေနိုင်မည့် ငွေကြေးပမာဏရည်မှန်းချက်ထားရှိခြင်းအပါအဝင် ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ အရှိန်မြှင့်တင်ရန်၊ ပညာရေး၊ ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းများ အရည်အသွေးမြှင့်တင်ရန်တို့ကို ရည်မှန်းထားပါသည်။

# ဘဏ္ဍာရေးမူဝါဒ

## အခွန်မူဝါဒ

- ထိရောက်ကောင်းမွန်သော အခွန်ကောက်ခံမှုစနစ်ဖြင့် နိုင်ငံတော်တွင် ညီညွတ်မျှတသော အရအသုံးငွေကြေး စနစ် ပေါ်ပေါက်စေပြီး ငွေကြေးလည်ပတ်မှုကို မှန်ကန်စေ၍ ငွေကြေးဖောင်းပွမှု မပေါ်ပေါက်အောင် ထိန်းသိမ်း ပေးရန်၊
- မေခရိုစီးပွားရေး တည်ငြိမ်စေရန်နှင့် အမျိုးသားစီးပွား ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စားသုံးမှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် စုဆောင်းမှုတို့ကို အခွန်အကောက်စနစ်ဖြင့် ထိန်းညှိပေးရန်၊
- နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက်များ အကောင်အထည်ဖော်ရေးကို အထောက်အကူဖြစ်စေပြီး နိုင်ငံတကာ စံနှုန်းများနှင့် လျော်ညီသော အခွန်စနစ် ဖြစ်ထွန်းပေါ်ပေါက်စေရန်၊
- ရသင့်ရထိုက်သည့် အခွန်အကောက်များကို ဥပဒေနှင့်အညီ အပြည့်အဝ ကောက်ခံရရှိရေး ICT နည်းပညာများ တိုးချဲ့ အသုံးပြု၍ ကြိုးပမ်းဆောင်ရွက်ရန်၊
- ထိရောက်ကောင်းမွန်သော အခွန်ကောက်ခံမှုစနစ်တစ်ရပ် ပေါ်ပေါက်လာစေရန်နှင့် အဂတိတရား ကင်းရှင်းစေရန်တို့အတွက် အခွန်ထမ်းကိုယ်တိုင် စည်းကြပ်သည့်စနစ် (Self Assessment System) သို့ ကူးပြောင်း ဆောင်ရွက်မှုများ ဆက်လက် အကောင်အထည်ဖော်ရန်။

## ဘဏ္ဍာရေးမူဝါဒ (အဆက်)

## အသုံးစရိတ်မူဝါဒ

### သာမန်အသုံးစရိတ်မူဝါဒ

၁။ ဝန်ထမ်းအင်အားအသစ် ခန့်အပ်ခြင်းများအတွက် နိုင်ငံတော်မှ ချမှတ်ထားသော မူဝါဒနှင့်အညီ ခန့်အပ်နိုင်မည့် ဦးရေ၊ ခန့်အပ်နိုင်မည့် အချိန်ကာလတို့ကို အသေးစိတ်တွက်ချက်ပြီးမှ လျာထားရန်၊

၂။ အုပ်ချုပ်မှုသုံး စက်သုံးဆီ၊ လုပ်ငန်းသုံးစက်သုံးဆီများကို သတ်မှတ်ဈေးနှုန်းဖြင့် တွက်ချက်၍ ရန်ပုံငွေခွင့်ပြု ဘောင်အတွင်း လောက်ငအောင် လျာထားသုံးစွဲရန်၊

၃။ သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြှင့်တင်ရန်တို့အတွက် ပြည်တွင်းကုန်ထုတ်လုပ်မှု မြှင့်တင်ရေးဆိုင်ရာ အသုံး စရိတ်များ တိုးမြှင့်ပေးရန်၊

၄။ လျှပ်စစ်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အသုံးစရိတ်များ တိုးမြှင့်ပေးရန်၊

၅။ ဘက်စုံပညာရေးကဏ္ဍမြှင့်တင်ရေးဆိုင်ရာ အသုံးစရိတ်များနှင့် တစ်မျိုးသားလုံး သက်ရှည်ကျန်းမာသည့် ကျန်းမာရေးစနစ် ဖြစ်ပေါ်လာရေး အသုံးစရိတ်များကို တိုးမြှင့်ပေးရန်၊

၆။ နိုင်ငံတော်၏ မူဝါဒအရ သုံးစွဲရမည့် အသုံးစရိတ်များ၊ ပြည်သူ့အကျိုးစီးပွားအတွက် အရေးတကြီး ဆောင်ရွက် ပေးရန် လိုအပ်သော အသုံးစရိတ်များနှင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးကို အထောက်အကူပြုမည့် အသုံးစရိတ်များကို ဦးစားပေးသုံးစွဲရန်၊

၇။ တည်ဆောက်ပြီး လက်ရှိအသုံးပြုနေသည့် အခြေခံအဆောက်အဦများ မွမ်းမံထိန်းသိမ်းခြင်း၊ ပြုပြင်ခြင်း လုပ်ငန်းများကို စိစစ်ခွင့်ပြုရန်။

### ငွေလုံးငွေရင်းအသုံးစရိတ်မူဝါဒ

၁။ ရုံးအသစ်တည်ဆောက်ခြင်း၊ ရုံးတိုးချဲ့ခြင်း၊ သင်တန်းကျောင်းတည်ဆောက်ခြင်း၊ ဝန်ထမ်းအိမ်ရာ တည်ဆောက် ခြင်းများနှင့်စပ်လျဉ်း၍ ထိခိုက်ပျက်စီးခဲ့သည့် အဆောက်အဦများကိုသာ ဦးစားပေး နေရာဒေသအလိုက် ခွဲခြား လျာထားရန်နှင့် ပုံမှန်တည်ဆောက်ရေးလုပ်ငန်းများကို ဆောင်ရွက်ဆဲဖြစ်သည့် အဆောက်အဦများ အတွက် သာ လျာထားရန်၊

၂။ ရုံးသုံးစက်ပစ္စည်းကိရိယာများ၊ ရုံးသုံးပရိဘောဂပစ္စည်းများဝယ်ယူမှုကို အနည်းဆုံးလိုအပ်ချက်ကိုသာ စိစစ် လျာထားရန်၊

၃။ သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြှင့်တင်ရန်တို့အတွက် ပြည်တွင်းကုန်ထုတ်လုပ်မှု မြှင့်တင်ရေးဆိုင်ရာ အသုံး စရိတ်များကို ဦးစားပေးလျာထားရန်၊

၄။ ဆေးရုံ၊ ကျောင်း၊ တက္ကသိုလ်၊ သက်မွေးပညာသင်ကျောင်း၊ အားကစားကွင်းဆိုင်ရာ အသုံးစရိတ်များကို နယ်မြေ ဒေသဦးစားပေးအလိုက် လျာထားရန်၊

၅။ လုပ်ငန်းစီမံကိန်းများနှင့် လုပ်ငန်းများတွင် ဆောင်ရွက်ဆဲလုပ်ငန်းများကိုသာ ဦးစားပေးဆောင်ရွက်ရန်၊

၆။ ပစ္စည်းဝယ်ယူမှုများကို စနစ်တကျ စိစစ်ဆောင်ရွက်ရန်၊ ပြည်တွင်းကျပ်ငွေဖြင့် ဝယ်ယူနိုင်သည့် ပစ္စည်းများကို ပြည်တွင်းကျပ်ငွေဖြင့်သာ ဝယ်ယူရန်နှင့် နိုင်ငံခြားငွေသုံးစွဲမှုကို တတ်နိုင်သမျှ လျှော့ချရန်၊

၇။ နိုင်ငံတော်၏ မူဝါဒအရ သုံးစွဲရမည့် အသုံးစရိတ်များ၊ ပြည်သူ့အကျိုးစီးပွားအတွက် အရေးတကြီး ဆောင်ရွက်ပေးရန် လိုအပ်သော အသုံးစရိတ်များနှင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးကို အထောက်အကူပြုမည့် အသုံးစရိတ်များကို ဦးစားပေးသုံးစွဲရန်၊

၈။ တည်ဆောက်ပြီး လက်ရှိအသုံးပြုနေသည့် အခြေခံအဆောက်အဦများ မွမ်းမံထိန်းသိမ်းခြင်း၊ ပြုပြင်ခြင်း လုပ်ငန်းများကို စိစစ်ခွင့်ပြုရန်။

## ကြွေးမြီအသုံးစရိတ်မူဝါဒ

၁။ နှစ်အတွင်း ပြန်လည်ပေးဆပ်ရမည့် အရင်း၊ အတိုးများအတွက် ပါဝင်အောင် ထည့်သွင်းလျာထားရန်၊

၂။ ရရှိထားပြီးသည့် သို့မဟုတ် ရရန်သေချာသည့် ချေးငွေများကိုသာ ထည့်သွင်းလျာထားရန်၊

၃။ သက်သာမှုရှိသည့် ပြည်ပချေးငွေကိုသာ ရွေးချယ်ရယူရန်၊

၄။ ချေးငွေများကို ငွေသားဖြင့်ရယူ၍ ထပ်ဆင့်ထုတ်ချေးထားသော ချေးငွေများနှင့်စပ်လျဉ်း၍ ပြန်လည်ပေးဆပ်မှုကို အဆိုပါချေးငွေများ ပြန်လည်ကောက်ခံရရှိသည့်ငွေဖြင့်သာ ပေးဆပ်ရန်နှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း ပြောင်းလဲမှုကြောင့် ဆုံးရှုံးနိုင်ခြေ (Exchange Rate Risk) ကို ထည့်သွင်းစဉ်းစားဆောင်ရွက်ရန်။

## ဘတ်ဂျက်ရေးဆွဲခြင်းနှင့်ဥပဒေပြဋ္ဌာန်းခြင်းအစီအစဉ်

| စဉ် | အကြောင်းအရာ | အချိန်ဇယား |
| --- | --- | --- |
| ၁ | စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနကဘတ်ဂျက်အမှာစာထုတ်ပြန်ခြင်း | ၁၇-၁၁-၂၀၂၃ |
| ၂ | ဌာနများကဘတ်ဂျက်များနောက်ဆုံးထားပေးပို့ရမည့်ရက် | ၈-၁၂-၂၀၂၃ |
| ၃ | ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ ငွေတိုက်ဦးစီးဌာန၊ စက်ပစ္စည်းကြီးကြပ်မှုကော်မတီ၊ ဆောက်လုပ်ရေးလုပ်ငန်း စိစစ်ညှိနှိုင်းရေးအဖွဲ့ (ငွေလုံးငွေရင်း) တို့က စိစစ်ခြင်း | ၈-၁၂-၂၀၂၃ မှ<br>၃-၁-၂၀၂၄ ထိ |
| ၄ | စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီး တို့က စိစစ်ခြင်း | ၁၅-၁-၂၀၂၄ မှ<br>၁၆-၂-၂၀၂၄ ထိ |
| ၅ | ပြည်ထောင်စုနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များ၏ အရအသုံးခန့်မှန်းခြေ ငွေစာရင်းများ ကြိုတင်စိစစ်ရေးကော်မတီက စိစစ်ခြင်း | ၂၈-၂-၂၀၂၄ |
| ၆ | ဘဏ္ဍာရေးဆိုင်ရာကော်မရှင် ဒုတိယဥက္ကဋ္ဌ (၁) က စိစစ်ခြင်း | ၁၁-၃-၂၀၂၄ |
| ၇ | ဘဏ္ဍာရေးဆိုင်ရာကော်မရှင်အစည်းအဝေးသို့တင်ပြခြင်း | ၂၁-၃-၂၀၂၄ |
| ၈ | စီးပွားရေးရာကော်မတီသို့တင်ပြခြင်း | ၂၁-၃-၂၀၂၄ |
| ၉ | ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးသို့ တင်ပြခြင်း | ၂၂-၃-၂၀၂၄ |
| ၁၀ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသို့ တင်ပြခြင်း | ၂၆-၃-၂၀၂၃ |
| ၁၁ | ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကို နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီက အတည်ပြုခြင်း | ၂၉-၃-၂၀၂၄ |

# အပိုင်း(၂)
# ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် အရအသုံးခန့်မှန်းခြေငွေစာရင်း

## ပြည်ထောင်စုနှင့်တိုင်းဒေသကြီး/ ပြည်နယ်များ၏အရအသုံးခန့်မှန်းခြေငွေစာရင်း

(ကျပ်ဘီလီယံ)

| အကြောင်းအရာ | ပြည်ထောင်စု | တိုင်းဒေသကြီး/ပြည်နယ် |
|---|---|---|
| ရငွေ | ၃၁,၇၉၃.၃၃၂ | * ၂,၉၄၉.၆၉၃ |
| သာမန် | ၂၈,၈၇၆.၆၆၁ | ၂,၈၀၄.၅၉၈ |
| ငွေလုံးငွေရင်း | ၄၆၁.၇၅၅ | ၁၃၈.၉၃၄ |
| ကြွေးမြီ | ၂,၄၅၄.၉၁၆ | ၆.၁၆၁ |
| အသုံးစရိတ် | ** ၃၉,၆၇၂.၆၂၀ | ၂,၉၄၉.၆၉၃ |
| သာမန် | ၃၁,၄၄၃.၃၆၆ | ၁,၁၁၅.၉၃၁ |
| ငွေလုံးငွေရင်း | ၅,၈၁၁.၂၅၈ | ၁,၈၁၅.၅၅၈ |
| ကြွေးမြီ | ၂,၄၁၇.၉၉၆ | ၁၈.၂၀၄ |
| ပိုငွေ(+)/လိုငွေ(-) | (-) ၇,၈၇၉.၂၈၈ | |
| ဂျီဒီပီတန်ဖိုး | ၁၅၅,၅၄၃.၅၃၄ | |
| လိုငွေနှင့်ဂျီဒီပီအချိုး | ၅.၀၇% | |

*တိုင်းဒေသကြီး/ပြည်နယ် ရငွေတွင် ပြည်ထောင်စုမှ တိုင်းဒေသကြီး/ပြည်နယ်များသို့ လိုငွေဖြည့်ဆည်းပေးခြင်းနှင့် ထောက်ပံ့ပေးခြင်းအတွက် ကျပ် ၁,၉၂၁.၇၆၅ ဘီလီယံ ပါဝင်ပါသည်။

**ပြည်ထောင်စု၏အသုံးစရိတ်တွင် တိုင်းဒေသကြီး/ပြည်နယ်များသို့ လိုငွေဖြည့်ဆည်းပေးခြင်းနှင့် ထောက်ပံ့ပေးခြင်းများအတွက် ကျပ် ၁,၉၂၁.၇၆၅ ဘီလီယံ ပါဝင်ပါသည်။

## ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ သာမန်၊ ငွေလုံးငွေရင်း နှင့် ကြွေးမြီ ရငွေများခန့်မှန်းချက်

| စဉ် | | အကြောင်းအရာ | ရငွေ (ကျပ်သန်း) | စုစုပေါင်း ရငွေတွင် ပါဝင်မှု ရာခိုင်နှုန်း | ဂျီဒီပီတွင် ပါဝင်မှု ရာခိုင်နှုန်း |
|---|---|---|---|---|---|
| ၁ | | **သာမန်ရငွေ** | **၂၈,၈၇၆,၆၆၁.၁၃၄** | **၉၀.၈၃%** | **၁၈.၅၆%** |
| | ၁ | အခွန်အကောက်ရငွေ | ၉,၃၇၈,၄၀၄.၂၆၈ | ၂၉.၅၀% | ၆.၀၃% |
| | ၂ | အခြားသာမန်ရငွေ * | ၉၃၃,၈၇၀.၈၉၈ | ၂.၉၄% | ၀.၆၀% |
| | ၃ | နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများမှရငွေ (နိုင်ငံတော်ထည့်ဝင်ငွေ) | ၂,၇၅၁,၁၉၇.၆၉၆ | ၈.၆၅% | ၁.၇၇% |
| | ၄ | နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ရငွေ (ဘဏ္ဍာရန်ပုံငွေအတွင်း) | ၁၀,၆၁၂,၄၀၀.၅၆၈ | ၃၃.၃၈% | ၆.၈၂% |
| | ၅ | နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ရငွေ (ဘဏ္ဍာရန်ပုံငွေပြင်ပ) | ၃,၂၆၈,၂၀၄.၃၂၁ | ၁၀.၂၈% | ၂.၁၀% |
| | ၆ | မြန်မာနိုင်ငံတော်ဗဟိုဘဏ် | ၁,၇၄၂,၆၉၄.၂၈၃ | ၅.၄၈% | ၁.၁၂% |
| | ၇ | အတိုးရငွေ | ၁၃၄,၂၇၃.၉၆၆ | ၀.၄၂% | ၀.၀၉% |
| | ၈ | ထောက်ပံ့ငွေရငွေ | ၁၅,၄၈၀.၀၀၀ | ၀.၀၅% | ၀.၀၁% |
| | ၉ | ပြည်ပအကူအညီရငွေ (သာမန်) | ၄၀,၁၃၅.၁၃၄ | ၀.၁၃% | ၀.၀၂% |
| ၂ | | **ငွေလုံးငွေရင်းရငွေ** | **၄၆၁,၇၅၄.၇၄၇** | **၁.၄၅%** | **၀.၃၀%** |
| | ၁ | ငွေလုံးငွေရင်းရငွေ | ၂,၉၈၈.၉၂၇ | ၀.၀၁% | ၀.၀၁% |
| | ၂ | ပြည်ပအကူအညီရငွေ (ငွေလုံးငွေရင်း) | ၄၅၈,၇၆၅.၈၂၀ | ၁.၄၄% | ၀.၂၉% |
| ၃ | | **ကြွေးမြီရငွေ** | **၂,၄၅၄,၉၁၆.၄၉၄** | **၇.၇၂%** | **၁.၅၈%** |
| | ၁ | ထုတ်ချေးငွေအတွက်ပြန်ရငွေ | ၁,၀၃၉,၆၉၄.၈၁၇ | ၃.၂၇% | ၀.၆၇% |
| | ၂ | ချေးယူရငွေ | ၁,၃၅၅,၆၁၉.၈၄၆ | ၄.၂၆% | ၀.၈၇% |
| | ၃ | အဖွဲ့အစည်းများတွင်ရင်းနှီးငွေမှရငွေ | ၅၉,၆၀၁.၈၃၁ | ၀.၁၉% | ၀.၀၄% |
| | | **စုစုပေါင်း (၁+၂+၃)** | **၃၁,၇၉၃,၃၃၂.၃၇၅** | **၁၀၀.၀၀%** | **၂၀.၄၄%** |

*အခြားသာမန်ရငွေများတွင် ဗဟိုအဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများနှင့် နေပြည်တော်ကောင်စီ၏ အခြားသာမန်ရငွေနှင့် တပ်မြို့စည်ပင်သာယာရေးအဖွဲ့များနှင့်နေပြည်တော်စည်ပင်သာယာရေးကော်မတီတို့၏ အခွန်အကောက်ရငွေနှင့် အခြားသာမန်ရငွေများပါဝင်ပါသည်။ အခြားသာမန်ရငွေတွင် ပစ္စည်းများရောင်းချခြင်းနှင့်ဆောင်ရွက်ပေးမှုအတွက် ရငွေများ၊ ဒဏ်ငွေများနှင့်အခြားရငွေများ ပါဝင်ပါသည်။

## ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေရငွေရရှိမှု ရာခိုင်နှုန်း




**အခြားရငွေများတွင် ဗဟိုအဖွဲ့အစည်းများ၊ ဝန်ကြီးဌာန၊ ဦးစီးဌာနများ၊ တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ၊ နေပြည်တော်ကောင်စီ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီတို့၏ ရငွေများနှင့် ပြည်ပချေးငွေ၊ ပြည်ပအကူအညီရငွေများပါဝင်ပါသည်။**

## ပြည်ထောင်စု၏ ကောက်ခံရရှိမည့် အခွန်ခေါင်းစဉ်ကြီးလေးမျိုးအား ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်နှင့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်တို့၏ မူလခန့်မှန်းခြေနှိုင်းယှဉ်ပြပုံ



## ပြည်ထောင်စု၏ ကောက်ခံရရှိမည့် အခွန်အကောက်ရငွေခန့်မှန်းချက်
## ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်နှင့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်တို့၏ မူလခန့်မှန်းခြေနှိုင်းယှဉ်ပြဇယား

(ကျပ်သန်းပေါင်း)

| စဉ် | | အခွန်အမျိုးအစား | ၂၀၂၃-၂၀၂၄ မူလခန့်မှန်းခြေ | ၂၀၂၄-၂၀၂၅ မူလခန့်မှန်းခြေ |
|---|---|---|---|---|
| ၁ | | **ပြည်တွင်းထွက်ကုန်နှင့် ပြည်သူပြည်သားများ သုံးစွဲမှုအပေါ်ကောက်ခံသည့် အခွန်အကောက်** | ၃,၇၈၃,၅၆၆.၂၄၀ | ၄,၇၂၀,၈၃၆.၉၂၃ |
| | ၁ | ယစ်မျိုးခွန် | ၁,၄၇၄.၈၆၀ | ၁,၅၃၂.၈၆၅ |
| | ၂ | ကုန်သွယ်လုပ်ငန်းခွန် | ၂,၃၀၃,၃၇၅.၆၀၈ | ၂,၇၉၆,၄၂၃.၉၉၄ |
| | ၃ | သွင်းကုန်အတွက်လိုင်စင်ကြေး၊ ပါမစ်ကြေးများ | ၆,၂၆၅.၀၀၀ | ၇,၅၀၀.၀၀၀ |
| | ၄ | မြန်မာနိုင်ငံအောင်ဘာလေသိန်းဆု | ၄၄,၁၈၁.၇၂၀ | ၁၉,၁၇၄.၄၅၈ |
| | ၅ | မော်တော်ယာဉ်၊ ယာဉ်မောင်းလိုင်စင်၊လုပ်ငန်းလိုင်စင်ဆိုင်ရာအခငွေများ | ၁၆၆,၅၅၇.၁၁၄ | ၁၃၉,၆၅၂.၈၃၈ |
| | ၆ | ရုံးခွန်နှင့်တံဆိပ်ခေါင်းခွန် | ၉၈,၂၀၃.၅၈၆ | ၁၅၃,၂၈၈.၆၀၅ |
| | ၇ | ခရီးလှည့်လည်ရေးလိုင်စင်/ ဟိုတယ်နှင့် တည်းခိုရိပ်သာလိုင်စင်/ ဧည့်လမ်းညွှန်လုပ်ငန်း လိုင်စင်များအတွက်လိုင်စင်ကြေး | ၅၀၅.၁၈၄ | ၄၅၄.၁၈၈ |
| | ၈ | အထူးကုန်စည်ခွန် | ၁,၁၃၈,၃၂၀.၉၀၆ | ၁,၅၃၉,၇၈၈.၄၄၀ |
| | ၉ | ရတနာခွန် | ၁၇,၆၈၂.၂၆၂ | ၅၃,၉၇၀.၅၃၅ |
| | ၁၀ | ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများနှင့်ကုမ္ပဏီမှတ်ပုံတင်ခြင်းဆိုင်ရာ ဝန်ဆောင်မှုပေးခြင်းမှရရှိသည့်အခကြေးငွေများ | ၇,၀၀၀.၀၀၀ | ၈,၅၀၀.၀၀၀ |
| | ၁၁ | ကုန်အမှတ်တံဆိပ် မှတ်ပုံတင်ကြေးရငွေ | | ၄၅၀.၀၀၀ |
| | ၁၂ | မူပိုင်ခွင့်မှတ်ပုံတင်ကြေးရငွေများ | | ၁၀၁.၀၀၀ |
| ၂ | | **ဝင်ငွေနှင့် ပိုင်ဆိုင်မှုအပေါ် ကောက်ခံသည့် အခွန်အကောက်** | ၃,၀၀၀,၇၆၇.၉၁၈ | ၃,၄၃၇,၃၅၃.၉၆၈ |
| | ၁ | ဝင်ငွေခွန် | ၃,၀၀၀,၇၆၇.၉၁၈ | ၃,၄၃၇,၃၅၃.၉၆၈ |
| ၃ | | **အကောက်ခွန်** | ၄၆၀,၀၀၀.၀၀၀ | ၄၆၀,၀၀၀.၀၀၀ |
| | ၁ | အကောက်ခွန် | ၄၆၀,၀၀၀.၀၀၀ | ၄၆၀,၀၀၀.၀၀၀ |
| ၄ | | **နိုင်ငံပိုင်သယံဇာတများထုတ်ယူသုံးစွဲမှုအပေါ်ကောက်ခံသည့်အခွန်အကောက်** | ၈၀၇,၇၇၁.၂၉၇ | ၇၆၀,၂၁၃.၃၇၇ |
| | ၁ | မြေယာပေါ်တွင် ကောက်ခံသည့်အခွန် | ၄၃.၀၉၈ | ၄၈.၈၃၃ |
| | ၂ | ရေခွန် | ၅၁.၁၁၃ | ၁၃၆.၀၇၆ |
| | ၃ | တာတမံခွန် | ၀.၃၃၆ | ၀.၃၃၆ |
| | ၄ | သစ်တောများမှပစ္စည်းများထုတ်ယူသည့်အတွက် ကောက်ခံသည့် သစ်တောခွန် | ၃,၈၄၄.၇၀၈ | ၃,၈၅၀.၀၀၀ |
| | ၅ | ဓာတ်သတ္တုပစ္စည်းများထုတ်ယူသည့်အတွက် ကောက်ခံသည့်အခွန် (စက်မှုကုန်ကြမ်းတွင်းထွက်နှင့် အလှဆင်ကျောက်များမပါ) | ၅၆.၆၅၀ | ၅၇.၃၀၀ |
| | ၆ | ငါးလုပ်ငန်းဆိုင်ရာ အခွန်အခ | ၅,၀၀၃.၃၀၀ | ၅,၀၀၃.၃၀၀ |
| | ၇ | ရေနံနှင့်သဘာဝဓာတ်ငွေ့ ထုတ်ယူသည့်အတွက် ကောက်ခံသည့်အခွန် | ၆၂၆,၁၇၅.၆၂၄ | ၅၄၉,၄၇၃.၆၇၀ |
| | ၈ | ဓာတ်သတ္တုခွန်နှင့် တွင်းဝခွန် | ၃၁,၃၆၃.၀၀၀ | ၃၂,၂၅၀.၀၀၀ |
| | ၉ | ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်ခြင်းကြောင့် ကောက်ခံသည့်အခွန်အခ | ၁၂၆,၇၀၄.၈၃၀ | ၁၅၅,၃၄၇.၁၆၂ |
| | ၁၀ | ရေအားအရင်းအမြစ်မှ လျှပ်စစ်ဓာတ်အားထုတ်ယူသည့်အတွက် အခမဲ့ရရှိသည့်ဓာတ်အားခ | ၁၂,၇၅၈.၄၇၂ | ၁၂,၂၀၀.၀၀၀ |
| | ၁၁ | မြေလွတ်၊မြေလပ်နှင့် မြေရိုင်းများလုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိသူများထံမှ ကောက်ခံရရှိသည့်အခွန် | ၁,၇၇၀.၁၆၆ | ၁,၈၄၆.၇၀၀ |
| | | **စုစုပေါင်း** | ၈,၀၅၂,၁၀၅.၄၅၅ | ၉,၃၇၈,၄၀၄.၂၆၈ |

## ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ သာမန်၊ ငွေလုံးငွေရင်း နှင့် ကြွေးမြီ အသုံးစရိတ်များ ခန့်မှန်းချက်

| စဉ် | | အကြောင်းအရာ | သုံးငွေ (ကျပ်သန်း) | စုစုပေါင်းအသုံးစရိတ်တွင် ပါဝင်မှုရာခိုင်နှုန်း | ဂျီဒီပီတွင် ပါဝင်မှု ရာခိုင်နှုန်း |
|---|---|---|---|---|---|
| ၁ | | သာမန်အသုံးစရိတ် | ၃၁,၄၄၃,၃၆၆.၅၇၉ | ၇၉.၂၆% | ၂၀.၂၂% |
| | ၁ | ဝန်ကြီးဌာန၊အဖွဲ့အစည်းများ၏အသုံးစရိတ် (နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများမှအပ) | ၁၀,၄၀၅,၂၉၈.၁၅၇ | ၂၆.၂၃% | ၆.၆၉% |
| | ၂ | အတိုးပေးငွေ | ၃,၁၆၈,၀၇၈.၃၀၁ | ၇.၉၉% | ၂.၀၄% |
| | ၃ | ထောက်ပံ့ငွေအသုံးစရိတ် | ၂,၆၃၁,၅၄၉.၅၄၆ | ၆.၆၃% | ၁.၆၉% |
| | ၄ | နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ (ဘဏ္ဍာရန်ပုံငွေအတွင်း) | ၁၀,၈၇၂,၁၁၂.၀၈၅ | ၂၇.၄၁% | ၆.၉၉% |
| | ၅ | နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ (ဘဏ္ဍာရန်ပုံငွေပြင်ပ) | ၃,၁၇၉,၁၃၉.၁၆၆ | ၈.၀၁% | ၂.၀၄% |
| | ၆ | မြန်မာနိုင်ငံတော်ဗဟိုဘဏ် | ၉၇၂,၁၈၉.၁၂၄ | ၂.၄၅% | ၀.၆၃% |
| | ၇ | အရေးပေါ်ရန်ပုံငွေ | ၂၁၅,၀၀၀.၀၀၀ | ၀.၅၄% | ၀.၁၄% |
| ၂ | | ငွေလုံးငွေရင်းအသုံးစရိတ် | ၅,၈၁၁,၂၅၇.၈၆၇ | ၁၄.၆၅% | ၃.၇၄% |
| | ၁ | ဝန်ကြီးဌာန၊အဖွဲ့အစည်းများ၏အသုံးစရိတ် (နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများမှအပ) | ၄,၃၉၈,၃၀၈.၆၆၅ | ၁၁.၀၉% | ၂.၈၃% |
| | ၂ | နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ (ဘဏ္ဍာရန်ပုံငွေအတွင်း) | ၁,၃၃၈,၈၃၈.၈၈၅ | ၃.၃၇% | ၀.၈၆% |
| | ၃ | နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ (ဘဏ္ဍာရန်ပုံငွေပြင်ပ) | ၆၀,၂၁၃.၃၄၁ | ၀.၁၅% | ၀.၀၄% |
| | ၄ | မြန်မာနိုင်ငံတော်ဗဟိုဘဏ် | ၁၃,၈၉၆.၉၇၆ | ၀.၀၄% | ၀.၀၁% |
| ၃ | | ကြွေးမြီအသုံးစရိတ် | ၂,၄၁၇,၉၉၅.၆၈၂ | ၆.၀၉% | ၁.၅၅% |
| | ၁ | ဝန်ကြီးဌာန၊အဖွဲ့အစည်းများ၏အသုံးစရိတ် (နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများမှအပ) | ၁,၄၀၈,၁၂၆.၀၈၈ | ၃.၅၅% | ၀.၉၀% |
| | ၂ | နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ (ဘဏ္ဍာရန်ပုံငွေအတွင်း) | ၉၄၇,၀၈၈.၆၂၂ | ၂.၃၈% | ၀.၆၁% |
| | ၃ | နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ (ဘဏ္ဍာရန်ပုံငွေပြင်ပ) | ၄၃,၂၅၀.၀၃၃ | ၀.၁၁% | ၀.၀၃% |
| | ၄ | မြန်မာနိုင်ငံတော်ဗဟိုဘဏ် | ၁၉,၅၃၀.၉၃၉ | ၀.၀၅% | ၀.၀၁% |
| | | စုစုပေါင်း (၁+၂+၃) | ၃၉,၆၇၂,၆၂၀.၁၂၈ | ၁၀၀.၀၀% | ၂၅.၅၁% |

## ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ စုစုပေါင်းအသုံးစရိတ်တွင် ဌာန၊ အဖွဲ့အစည်းအုပ်စုအလိုက် ပါဝင်မှုရာခိုင်နှုန်း




## ပြည်ထောင်စု၏စုစုပေါင်းအသုံးစရိတ်တွင် ပညာရေး၊ ကျန်းမာရေး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနတို့၏ အသုံးစရိတ်များပါဝင်မှုရာခိုင်နှုန်း



# အပိုင်း(၃)
# နိုင်ငံတော်၏ကြွေးမြီအခြေအနေ

## ပြည်တွင်းပြည်ပကြွေးမြီအခြေအနေ

(ကျပ်ဘီလီယံ)

| အကြောင်းအရာ | ၂၀၁၈(၆) လ | ၂၀၁၈-၂၀၁၉ | ၂၀၁၉-၂၀၂၀ | ၂၀၂၀-၂၀၂၁ | ၂၀၂၁-၂၀၂၂ (၆ လ) | ၂၀၂၂-၂၀၂၃ | ၂၀၂၃-၂၀၂၄ (၃၁-၁၂-၂၀၂၃ ထိ) |
|---|---|---|---|---|---|---|---|
| ပြည်တွင်းကြွေးမြီ | ၂၂,၂၈၇ | ၂၅,၂၄၄ | ၃၀,၅၉၇ | ၃၉,၈၈၉ | ၄၂,၄၄၄ | ၄၇,၃၈၂ | ၄၉,၀၇၇ |
| ဂျီဒီပီတွင်ပါဝင်မှုရာခိုင်နှုန်း | ၂၃.၆၄% | ၂၃.၉၈% | ၂၇.၁၃% | ၃၆.၈၆% | ၃၇.၄၀% | ၃၇.၈၀% | ၃၅.၀၁% |
| ပြည်ပကြွေးမြီ | ၁၃,၂၆၃ | ၁၅,၅၀၆ | ၁၇,၀၄၀ | ၁၈,၃၆၇ | ၁၇,၃၇၂ | ၂၂,၂၅၁ | ၂၁,၃၅၇ |
| ဂျီဒီပီတွင်ပါဝင်မှုရာခိုင်နှုန်း | ၁၄.၀၇% | ၁၄.၇၃% | ၁၅.၁၁% | ၁၆.၉၇% | ၁၅.၃၁% | ၁၇.၇၅% | ၁၅.၂၃% |
| စုစုပေါင်းကြွေးမြီ | ၃၅,၅၅၀ | ၄၀,၇၅၀ | ၄၇,၆၃၇ | ၅၈,၂၅၆ | ၅၉,၈၁၆ | ၆၉,၆၃၃ | ၇၀,၄၃၄ |
| ဂျီဒီပီတွင်ပါဝင်မှုရာခိုင်နှုန်း | ၃၇.၇၁% | ၃၈.၇၁% | ၄၂.၂၄% | ၅၃.၈၃% | ၅၂.၇၁% | ၅၅.၅၅% | ၅၀.၂၄% |

# အပိုင်း (၄)

## ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အသုံးစရိတ်ကောက်နုတ်ချက်များ

### ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် ပညာရေးဝန်ကြီးဌာနအသုံးစရိတ်မှ ကောက်နုတ်ချက်

(ကျပ်သန်းပေါင်း)

| | | |
|---|---|---|
| ၁ | အဆင့်မြင့်ပညာတွင် အသစ်ခန့်ထားမည့် စီမံဝန်ထမ်း (၁၅၀၀) ဦး လစာစရိတ် | ၁,၅၄၄.၄၀၀ |
| ၂ | ပညာသင်စရိတ်နှင့် အခမဲ့ပညာသင်စရိတ် | ၅,၇၁၆.၀၀၀ |
| ၃ | စာသင်ဆောင် (၃) လုံး ဆောက်လုပ်ခြင်း | ၈,၃၉၄.၆၁၄ |
| ၄ | ကျောင်းသား/သူ အိပ်ဆောင် (၂) လုံး ဆောက်လုပ်ခြင်း | ၁,၄၂၇.၁၄၀ |
| ၅ | Recreation Centre (၂) လုံး ဆောက်လုပ်ခြင်း | ၇၈၉.၂၁၂ |
| ၆ | ကျောင်းသား/သူ အိပ်ဆောင် (၁) လုံး နှင့် သင်တန်းသား/သင်တန်းသူဆောင် (၁) လုံး ဆောက်လုပ်ခြင်း | ၂,၁၇၇.၆၃၀ |
| ၇ | သင်တန်းခန်းမ (၁) လုံး ဆောက်လုပ်ခြင်း | ၂၅၀.၅၆၀ |
| ၈ | ပစ္စည်းသိုလှောင်ရုံ(၁) လုံး ဆောက်လုပ်ခြင်း | ၃၂၇.၆၀၀ |
| ၉ | စာကြည့်တိုက်တိုးချဲ့ဆောင်(၁) လုံးဆောက်လုပ်ခြင်း | ၁,၀၅၁.၃၄၅ |
| ၁၀ | ထမင်းစားဆောင်(၁) လုံးဆောက်လုပ်ခြင်း | ၃၂၀.၀၀၀ |
| ၁၁ | သိပ္ပံသုတေသနစင်တာ (၁) ခု အဆင့်မြှင့်တင်ခြင်း | ၄၀၁.၄၂၁ |
| ၁၂ | အုတ်ခြံစည်းရိုးကာရံခြင်း (၆) ခု | ၁,၉၉၉.၅၄၃ |
| ၁၃ | ရေစင်ဆောက်လုပ်ခြင်း (၂) လုံး | ၃၄၉.၈၅၀ |
| ၁၄ | ပြင်ပရေ၊ ပြင်ပရေမီးရရှိရေးလုပ်ငန်း (၄) ခု | ၅၉၂.၃၃၄ |
| ၁၅ | ရေလှောင်ကန်(၁) လုံးတည်ဆောက်ခြင်း | ၉၀.၀၀၀ |
| ၁၆ | ရေမြောင်းပြုလုပ်ခြင်း (၂) ခု | ၆၉၆.၁၂၀ |
| ၁၇ | မီးလိုင်းများပြုပြင်ခြင်း(၃) ခု | ၂၉၆.၃၀၀ |
| ၁၈ | Grill Work လုပ်ငန်း (၂) ခု | ၁၆၁.၅၄၃ |
| ၁၉ | အမိုးပါစကြ်နှင့်လမ်းများပြုလုပ်ခြင်း (၁) ခု | ၁၀၈.၂၂၀ |
| ၂၀ | ဆေးသုတ်ခြင်း၊အမိုးမျက်နှာကြက်ပြုပြင်ခြင်း၊လမ်းများကွန်ကရစ်ခင်းခြင်း၊ မြေထိန်းနံရံပြုလုပ်ခြင်း (၁၅) ခု | ၂,၁၈၀.၄၅၃ |
| ၂၁ | ပညာရေးဒီဂရီကောလိပ် (၂၅) ကျောင်း၏ ပထမနှစ်၊ ဒုတိယနှစ်တို့၏ ပ-နှစ်ဝက်၊ ဒု-နှစ်ဝက် ကျောင်းသားကိုင် Myanmar Version ပုံနှိပ်ရိုက်နှိပ်ခြင်း | ၆၃၂.၂၀၀ |
| ၂၂ | ပညာရေးဒီဂရီကောလိပ် (၂၅) ကျောင်း၏ တတိယနှစ်၊ ပ-နှစ်ဝက်၊ ဒု-နှစ်ဝက် နှင့် စတုတ္ထနှစ်၊ ပ-နှစ်ဝက် ကျောင်းသားကိုင် English Version ပုံနှိပ်ရိုက်နှိပ်ခြင်း | ၉၂၇.၉၀၀ |
| ၂၃ | ပညာရေးဒီဂရီကောလိပ် တတိယနှစ်၊ ဒု-နှစ်ဝက်၊ စတုတ္ထနှစ်၊ ပ-နှစ်ဝက် ဆရာလမ်းညွှန် English Version ပုံနှိပ်ရိုက်နှိပ်ခြင်း | ၄၀.၅၀၀ |
| ၂၄ | ပညာရေးဒီဂရီကောလိပ်များတွင် ဖွင့်လှစ်သည့် သင်တန်းအသီးသီး၏ စာမေးပွဲ စစ်ဆေးရန် အဖြေလွှာများ ဆောင်ရွက်ခြင်း | ၁၈၉.၁၅၀ |
| ၂၅ | ဆရာများအတွက် တတ်ကျွမ်းမှုစံသတ်မှတ်ချက် အညွှန်းဘောင် (TCSF) Level 2,3,4 အသုံးပြုနိုင်ရေးအတွက် လက်စွဲများဖြန့်ဝေခြင်း | ၁၃၇.၅၀၀ |
| ၂၆ | လုပ်ငန်းခွင်ဝင်စ ဆရာ၊ ဆရာမများအတွက် TCSF ကို အခြေခံပညာဆရာများသိရှိနားလည်စေရန် Awareness Raising Workshopပြုလုပ်နိုင်ရေးအတွက် ကြိုတင်ညှိနှိုင်းဆွေးနွေးခြင်းနှင့် Awareness Raising Workshop များကျင်းပခြင်း | ၉၅.၀၀၀ |
| ၂၇ | ပညာရေးဒီဂရီကောလိပ်များရှိ ဆရာ၊ ဆရာမများအား သင်ရိုးသစ် သင်တန်းပေးဆွေးနွေးခြင်း | ၃၇.၅၀၀ |

## ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် ပညာရေးဝန်ကြီးဌာနအသုံးစရိတ်မှ ကောက်နုတ်ချက်( အဆက်)

(ကျပ်သန်းပေါင်း)

| | | |
|---|---|---|
| ၂၈ | Education Management Information System (EMIS) ပညာရေးစီမံခန့်ခွဲမှုသတင်းအချက်အလက်စနစ် ဖွံ့ဖြိုးရေးလုပ်ငန်းများ | ၃၅.၀၀၀ |
| ၂၉ | မူလတန်း၊ အလယ်တန်း၊ အထက်တန်း သင်ရိုးညွှန်းတမ်းကို ပြန်လည်လေ့လာ သုံးသပ်ခြင်းနှင့်ပြင်ဆင်ခြင်း | ၁၂၀.၄၄၅ |
| ၃၀ | သင်ရိုးညွှန်းတမ်းဆိုင်ရာ အရည်အသွေးမြှင့်သင်တန်းဆွေးနွေးပွဲများ ကျင်းပခြင်း | ၇၉.၀၀၀ |
| ၃၁ | အခြေခံပညာအထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းများတွင် ဆရာ/မများနှင့် ရုံးဝန်ထမ်းများအသစ်ဖြည့်စွက် ခန့်ထားခြင်း | ၂၃,၁၅၉.၅၂၀ |
| ၃၂ | အခြေခံပညာကျောင်းများရှိ အဆင့်မြှင့်ဘွဲ့အလိုက်ချီးမြှင့်ငွေများလစဉ်ထောက်ပံ့ခြင်း | ၁,၆၅၇.၂၀၀ |
| ၃၃ | အခြေခံပညာကျောင်းများတွင် စီမံ/အုပ်ချုပ်ရေးပိုင်းတွင် တာဝန်ထမ်းဆောင်နေသော ကျောင်းအုပ်ကြီးများ (ထက်၊ လယ်၊ မူ) ကို လစဉ် အုပ်ချုပ်မှုစရိတ်များချီးမြှင့်ပေးခြင်း | ၁၀,၁၂၃.၈၀၀ |
| ၃၄ | အခြေခံပညာဦးစီးဌာနကြီးကြပ်မှုအောက်ရှိ ဝန်ထမ်းအိမ်ရာများတွင် နေထိုင်ခွင့်မရရှိသော စီမံ၊ သင်ကြားရေးဝန်ထမ်းများအား အိမ်လခများ လစဉ်ထောက်ပံ့ပေးခြင်း (၈% နှင့် ၄% ) | ၅၁,၃၅၉.၄၈၆ |
| ၃၅ | (ခန့်ထားပြီး+ခန့်ထားရန်) ပညာရေးဝန်ထမ်းများအား အပိုထောက်ပံ့ကြေး ကျပ် (၃၀၀၀၀) ထောက်ပံ့နိုင်ရေးလျာထားပေးခြင်း | ၁၃၈,၉၅၂.၂၆၀ |
| ၃၆ | အခြေခံပညာကျောင်းများတွင် ဒေသဆိုင်ရာသင်ရိုးများ သင်ကြားနိုင်ရန်အတွက် တိုင်းရင်းသား ဘာသာသင် (Teaching Assistant) နှင့် (Language Teacher)ဆရာ၊ ဆရာမများ၊ Volunteer Teacher တို့အား လုပ်အားခချီးမြှင့်ခြင်း | ၁၅,၆၇၈.၆၈၀ |
| ၃၇ | အခြေခံပညာကျောင်းအားလုံးအား ပညာတန်ဆောင်များလစဉ်ဖြန့်ဝေပေးခြင်းနှင့် မြတ်ပညာမဂ္ဂဇင်း၊ မြတ်ဆရာစာစောင် တို့အား အထက်တန်းဆင့်သင်ကျောင်းအားလုံးနှင့် တိုင်းပြည်နယ်၊ ခရိုင်၊/ မြို့နယ်ရုံးများသို့ ဖြန့်ဝေခြင်း | ၇၉၄.၇၇၄ |
| ၃၈ | အခြေခံပညာဦးစီးဌာနကြီးကြပ်မှုအောက်ရှိ စီမံ၊ သင်ကြားရေးဝန်ထမ်းများအား ဝတ်စုံစရိတ်များထောက်ပံ့ခြင်း | ၁၁,၄၃၂.၅၂၀ |
| ၃၉ | အခြေခံ+ ဘက ကျောင်းများမှ မူလတန်းကျောင်းသား/ သူများအား ကျောင်းဝတ်စုံများ ထောက်ပံ့ပေးခြင်း | ၂၄,၆၃၄.၆၉၂ |
| ၄၀ | ကျောင်းစာကြည့်တိုက် (၁၀၀) တွင် စာကြည့် တိုက်ပစ္စည်းများ ထောက်ပံ့ပေးခြင်းနှင့် မူဆင့်သင် (KG to G-3) ကျောင်းများတွင် ကျောင်းသုံးသင်ထောက်ကူ ပစ္စည်းများထောက်ပံ့ခြင်း | ၁၀,၉၅၈.၈၈၀ |
| ၄၁ | ခဲတံ၊ ဘော့လ်ပင်များ ထောက်ပံ့ပေးခြင်း ( မူလတန်း၊ အလယ်တန်း၊ အထက်တန်း) (အခြေခံ+ ဘက) | ၅,၆၀၀.၄၇၂ |
| ၄၂ | ကျောင်းသုံးပုံနှိပ်များထောက်ပံ့ခြင်း (သင်ရိုးသစ်အတန်းများအပါအဝင်) မူလတန်း၊ အလယ်တန်း၊ အထက်တန်း (ဘက+အခြေခံ) | ၁၁၄,၅၆၃.၂၀၄ |
| ၄၃ | ဒေသဆိုင်ရာသင်ရိုးစာအုပ်များ ရိုက်နှိပ်ပေးခြင်း (၃၀) မျိုး | ၄၉၀.၄၈၂ |
| ၄၄ | ဗလာစာအုပ်များထောက်ပံ့ပေးခြင်း ( မူလတန်း၊ အလယ်တန်း၊ အထက်တန်း) ( အခြေခံ+ဘက) (၇၇၀၉၉၆၆) ဦးအတွက် | ၅၃,၉၆၉.၇၆၂ |
| ၄၅ | အခြေခံပညာကျောင်းများသို့ ကျောင်းခေါ်ကြိမ် "က"စာရင်းနှင့် ကျောင်းဝင်မှတ်ပုံတင် "ခ"စာရင်းစာအုပ်များ ထောက်ပံ့ပေးခြင်း | ၁,၆၄၇.၆၇၅ |
| ၄၆ | ကြီးကြပ်အကဲဖြတ်ပုံစံစာအုပ်များ၊ အခြေခံပညာအဆင့် ဆန်းစစ်အကဲဖြတ်ခြင်းလမ်းညွှန်စာအုပ်၊ စာသင်ခန်းတွင်း စစ်ဆေးအကဲဖြတ်ခြင်းဆိုင်ရာလမ်းညွှန်စာအုပ်၊ ထက်လယ်မူဆရာ အတတ်ပညာဖွံ့ဖြိုးတိုးတက်ရေး လက်စွဲစာအုပ် | ၇၉၉.၇၂၀ |
| ၄၇ | ကျောင်းနေအရွယ်ကလေးတိုင်းကျောင်းနေမြဲရေးအတွက် လိုအပ်သော ပစ္စည်းများ ထောက်ပံ့ပေးခြင်းအပြင် အခြေခံပညာကျောင်းများနှင့် ဘုန်းတော်ကြီးသင်ကျောင်းများအတွက်လည်းကျောင်းဖွံ့ဖြိုးတိုးတက်မှု အစီအစဉ် အရ School Improvement Support Programm(SISP)၊ ကျောင်းထောက်ပံ့ကြေးများ ထောက်ပံ့ပေးခြင်း | ၅၂,၅၁၇.၄၀၈ |

## ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် ပညာရေးဝန်ကြီးဌာနအသုံးစရိတ်မှ ကောက်နုတ်ချက်( အဆက်)

(ကျပ်သန်းပေါင်း)

| | | |
|---|---|---|
| ၄၈ | အခြေခံပညာကျောင်းများတွင် ပညာရေးစုံညီပွဲတော်များကျင်းပခြင်း၊ ပန်းချီ၊ အားကစား၊ ကာတွန်း၊ စာစီစာကုံး၊ အင်္ဂလိပ်နှင့် သင်္ချာစွမ်းရည်ပြိုင်ပွဲများကျင်းပခြင်း၊ ဆုချီးမြှင့်ခြင်း၊ ICT ပြိုင်ပွဲများကျင်းပခြင်း၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် ပူးပေါင်းဆောင်ရွက်သော အားကစားပြိုင်ပွဲများကျင်းပခြင်း၊ အခြေခံပညာကျောင်းသားအားကစား ပွဲတော်များကျင်းပခြင်းနှင့် လူရည်ချွန်ကျောင်းသား/သူများအား လေ့လာရေးခရီးစဉ်များ ပို့ဆောင်ခြင်း (ပုဂံ၊ အင်းလေး၊ ငွေဆောင်) | ၂၂,၁၃၈.၀၇၁ |
| ၄၉ | ပညာရေးဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး နှီးနှောဖလှယ်ပွဲ (ပညာရေးညီလာခံ) (နိုင်ငံတော်အဆင့် အခမ်းအနား) | ၂၀၀.၀၀၀ |
| ၅၀ | အခြေခံပညာကျောင်းများ ဥပစာရပ်ကောင်းမွန်စေရေးအတွက် (ကျောင်းဆောင်များ ပြင်ဆင်ထိန်းသိမ်းခြင်း၊ ကျောင်းဝန်းအတွင်း လမ်းများခင်းခြင်း၊ သန့်စင်ခန်းများ တည်ဆောက်ခြင်း၊ ခြံစည်းရိုးများ ကာရံပေးခြင်း၊ ရေစနစ်/မီးစနစ်များ ဖြည့်ဆည်းပေးခြင်း) | ၁၀၅,၂၄၅.၁၁၂ |
| ၅၁ | ပုံမှန်မြို့နယ် (၃၁၇) မြို့နယ် အတွင်းရှိ ကျောင်းသား/သူများ၊ ဝေးလံခက်ခဲသောဒေသရှိ (၁၀၅) မြို့နယ်မှ ကျောင်းသား/သူများ၊ မျက်မမြင်၊နားမကြားကျောင်း (၁၀) ကျောင်းမှ ကျောင်းသား/သူများ၊ နယ်စပ်ဒေသရှိ (၂၀) မြို့နယ်ရှိ ကျောင်းများမှ ကျောင်းသား/သူများအား နိုင်ငံတော်ရန်ပုံငွေဖြင့် ပညာသင်ထောက်ပံ့ကြေး ချီးမြှင့်ပေးခြင်းနှင့် တက္ကသိုလ်ဝင်တန်း အောင်မြင်သော ပညာရေးဝန်ထမ်း သား/သမီးများအား ဂုဏ်ပြုချီးမြှင့်ခြင်း (ရိုးရိုးအောင် ကျပ် (၅၀၀၀၀) နှုန်း၊ ဂုဏ်ထူးတစ်ဘာသာ ကျပ် (၁၀၀၀၀၀) နှုန်း) | ၉,၀၁၀.၁၅၄ |
| ၅၂ | (Grade-9 , Grade-12) သင်ရိုးသစ်ဆွေးနွေးပွဲ/ သင်တန်းများဆောင်ရွက်ခြင်း၊ (ဆရာ/မ လိုအပ်ချက်အရ ပြင်ပမှ ခေါ်ယူခန့်ထား၍ ဆရာအတတ်ပညာ မရရှိသေးသော သင်ကြားရေးဆရာ/မများအား ဆရာအတတ် ပညာသင်တန်းများပေးခြင်း၊ ကျောင်း/ရုံး ဝန်ထမ်းများအား စွမ်းရည်မြှင့်သင်တန်းများပေးခြင်း၊ သက်ဆိုင်ရာ တက္ကသိုလ်များနှင့် ပူးပေါင်း၍ သင်ထောက်ကူ လက်တွေ့အသုံးချ သင်တန်းများပေးခြင်း၊ ကာယပညာနှင့် အားကစား အခြေခံနည်းပြသင်တန်းများဖွင့်လှစ်ခြင်း | ၁၅,၂၂၅.၆၁၁ |
